မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## သဒ္ဓမ္မရံသီရိပ်သာဆရာတော်

## အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်အပ်သော

# အိပ်မက်အကြောင်း သိကောင်းစရာ

## တရားတော်

ဒုတိယအကြိမ်

သာသနာ - ၂၅၅၀ ကောဇာ - ၁၃၆၈ ခရစ် - ၂၀၀၆

WWW.DHAMMARANSI.NET

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်အပ်သော

# အိပ်မက်အကြောင်း သိကောင်းစရာ

## တရားတော်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၆

WWW.DHAMMARANSI.NET

နတ်များက ချစ်ခင်ကြ၍ အကျိုးရှိရာရှိကြောင်းများကို အိပ်မက်ထဲတွင် မြင်မက်စေ၍ ညွှန်ပြပေးသဖြင့် ညွှန်ပြသည့်အတိုင်း ပြုလုပ်ကြသောကြောင့် ကောင်းကျိုးချမ်းသာများ ရကြသည်များလည်း ရှိကြပေသည်။ နတ်များက သူတို့၏ဗိမာန် သစ်ပင် စသော အဆောက်အအုံများကို ဖျက်ဆီးသောကြောင့် အမျက်ထွက်ကာ မုန်း၍ အကျိုးမဲ့များ ဖြစ်အောင် မြက်မက်စေကြပြီးလျှင် မကောင်းကျိုး ဆိုးကျိုးများကို ရရှိစေကြကုန်၏။

## နတ်တို့ပေးသော အိပ်မက်ဖြင့် အကျိုးမဲ့ဖြစ်ရပုံ

ရှေးအခါက သီဟိုဠ်ကျွန်းတွင် ရောဟနအရပ်၊ နာဂကျောင်း၌ နေထိုင်သော မထေရ်ကြီးတစ်ပါး ရှိခဲ့လေသည်။ ထိုမထေရ်ကြီးသည် ရဟန်းသံဃာများကို မပန်ကြားဘဲ ကံ့ကော်ပင်ကြီးတစ်ပင်ကို ခုတ်လှဲစေ၏။ ကံ့ကော်ပင်စောင့် ရုက္ခစိုးနတ်သည် အမျက်ထွက်ကာ မထေရ်ကြီး၏ အကျိုးမဲ့များဖြစ်အောင် အိပ်မက်ကို မြင်မက်စေခဲ့ပေသည်။

ကံ့ကော်ပင်စောင့် ရုက္ခစိုးနတ်သည် ပထမအကြိမ် မထေရ်ကြီးအား မှန်ကန်သော အိပ်မက်ကို မြင်မက်စေ၍ မထေရ်ကြီးကို ယုံကြည်အောင် ပြုလုပ်ခဲ့ပေသည်။ ဒုတိယအကြိမ် မြင်မက်စေရာတွင် မထေရ်ကြီး၏ အကျိုးမဲ့ဖြစ်အောင် လှည့်ပတ်၍ မြင်မက်စေခဲ့ပေသည်။

ဒုတိယအကြိမ် မြင်မက်စေသော အိပ်မက်မှာ "ဤနေ့မှနောက် ၇-ရက်မြောက်၌ အရှင်ဘုရား၏ ဒကာတော်မင်းကြီး နတ်ရွာစံ

WWW.DHAMMARANSI.NET

(ကွယ်လွန်)လိမ့်မည်"ဟု ပြောကြားလေ၏။ မထေရ်ကြီးသည် အိပ်မက်တွင် မြင်မက်သည့်အတိုင်း ဖြစ်လိမ့်မည်ဟု ယုံကြည်ကာ နန်းတွင်းသူများကို ပြောကြားလေ၏။ နန်းတွင်းသူတို့သည် ကြားရသည်နှင့် တစ်ပြိုင်နက် မင်းကြီးအတွက် သောကများဖြစ်၍ စိုးရိမ်ပူဆွေး ငိုကြွေးကြလေ၏။

မင်းကြီးက ငိုကြွေးရခြင်း၏အကြောင်းကို မေးသောအခါ ယနေ့မှ နောက် ၇-ရက်မြောက်တွင် မင်းကြီး နတ်ရွာစံ(ကွယ်လွန်) လိမ့်မည်ဟူ၍ မထေရ်ကြီးပြောသော စကားကြောင့် ငိုကြွေးကြရပါသည်ဟု နန်းတွင်းသူများက လျှောက်တင်ပြောကြားကြလေသည်။

မင်းကြီးသည် ရက်တို့ကို ရေတွက်လျက် နတ်ရွာစံရမည့် အရေးကို စောင့်၍ကြည့်နေ၏။ ၇-ရက်မြောက်သောနေ့၌ မည်သို့မျှ ဖြစ်ခြင်းမရှိ၊ အကောင်းပကတိပင် ရှိနေသောကြောင့် ဤမထေရ်ကြီးသည် အလွဲလွဲအမှားမှား ထိတ်ထိတ်လန့်လန့်ဖြစ်အောင် ပြောကြားသည်ဟု ဆိုကာ မထေရ်ကြီး၏ လက်၊ခြေတို့ကို ဖြတ်စေ၏။ ကုံကော်ပင်စောင့် ရုက္ခစိုးနတ်၏ လှည့်ပတ်၍ပေးသောအိပ်မက်ကြောင့် မထေရ်ကြီး အကျိုးမဲ့ ဖြစ်ရလေသည်။

ဤအိပ်မက်မျိုး၌ နတ်များက ချစ်ခင်၍ အကျိုးလိုလားကာ မြင်မက်စေသော အိပ်မက်သည် မှန်ကန်တတ်ပေသည်။ နတ်များက မုန်း၍ အကျိုးမဲ့ကို လိုလားကာ မြင်မက်စေသော အိပ်မက်သည် မမှန်မကန် ဖြစ်တတ်ပေသည်။

WWW.DHAMMARANSI.NET

## နတ်တို့ကို နေရာပြောင်းပေးပုံ

မိမိတို့၏ အဆောက်အအုံများ၊ အဆောက်အအုံ ဆောက်လုပ်မည့်နေရာများနှင့် မလွတ်ကင်း၍ ခုတ်လှဲရမည့် သစ်ပင်၊ ဖျက်သိမ်းရမည့် နတ်စင်တို့၌ နတ်များရှိနေသည်ဟု သိရ၊ ထင်ရသောအခါတို့၌ ထိုနတ်များကို မေတ္တာပို့၍ ဖယ်ပေးဖို့ရန် ပြောကြားရပေသည်။ နေရာအစား ပေးကြရပေသည်။

"ဤသစ်ပင် ဤနတ်စင်တို့၌ မှီတင်းနေထိုင်ကြသော အို... နတ်များတို့၊ ဤသစ်ပင်များ ဤနတ်စင်များမှ ထိုသစ်ပင်များ ထိုနတ်စင်များသို့ ပြောင်းရွှေ့မှီတင်း နေထိုင်ကြပါလော့"ဟု အခြားသော သစ်ပင် အခြားသော နတ်စင်များကို အစားပေးကြရပေသည်။

ပေးစရာ သစ်ပင်, နတ်စင်များ မရှိခဲ့သော် "အသင်နတ်တို့သည် စတုမဟာရာဇ်နတ်မင်းကြီးတို့ထံသို့ သွားရောက်၍ နေရာတောင်းကြကုန်လော့၊ စတုမဟာရာဇ်နတ်မင်းကြီးတို့ကလည်း ထိုနေရာမရှိကြသော နတ်တို့အား နေရာပေးကြပါ"ဟု ပြောကြား၍ နေရာတောင်းပေးကြရပေသည်။

၄။ ဖြစ်လာမည့် ပုဗ္ဗနိမိတ်ကြောင့် အိပ်မက်ခြင်း ဟူသည် ကုသိုလ်ကံ၏အစွမ်းသတ္တိကြောင့် ကောင်းကျိုးများ ရရှိလာဖို့ရာ ရှေ့ပြေး ပုဗ္ဗနိမိတ်အဖြစ်ဖြင့်လည်း မြင်မက်တတ်ပေသည်။ အကုသိုလ်ကံ၏ အစွမ်းသတ္တိကြောင့် မကောင်းကျိုး မကောင်းသော အဖြစ်ဒုက္ခများ ရရှိဖို့ရာ ရှေ့ပြေး ပုဗ္ဗနိမိတ်အဖြစ်ဖြင့်လည်း မြင်မက် တတ်ပေသည်။

WWW.DHAMMARANSI.NET

ဤကဲ့သို့ ကောင်းကျိုး မကောင်းကျိုးများ ဖြစ်ပေါ် လာမည်ကို ရှေ့ပြေးပုဗ္ဗနိမိတ်အနေဖြင့် မြင်မက်သော အိပ်မက်မျိုး ဖြစ်ပေသည်။

အိပ်မက်မြင်မက်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့မှာ အတိတ် ဘဝများက ပြုခဲ့ဖူးသော ကုသိုလ်ကံများလည်း ရှိခဲ့ကြပေသည်။ အကုသိုလ်ကံများလည်း ရှိခဲ့ကြပေသည်။ ယင်းကံတို့တွင် ပဌမဇော ကုသိုလ်စေတနာကံ၊ အကုသိုလ်စေတနာကံတို့သည် ပြုဆဲပစ္စုပ္ပန် ဘဝ၌ အကျိုးပေးကြပေသည်။ ပြုဆဲပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့် မရခဲ့သော် နောင်ဘဝများအတွက် အကျိုးမပေးနိုင်ကြတော့ပေ။ အဟောသိကံများ ဖြစ်သွားကြရပေသည်။

၇-ခုမြောက် သတ္တမဇော ကုသိုလ်စေတနာကံ၊ အကုသိုလ် စေတနာကံတို့သည် ဒုတိယဘဝ၌ အကျိုးပေးကြပေသည်။ ဒုတိယ ဘဝ၌ အကျိုးပေးခွင့် မရခဲ့သော် အကျိုးမပေးနိုင်ကြတော့ပေ။ အဟောသိကံများ ဖြစ်သွားကြရပေသည်။

အလယ်ဇော ကုသိုလ်စေတနာကံ၊ အကုသိုလ်ဇော စေတနာ ကံ ၅-ခုတို့သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင် အောင် အကျိုးပေးကြပေသည်။ ထိုကုသိုလ်ဇော၊ အကုသိုလ်ဇော စေတနာကံ ၂-မျိုးတို့တွင် အလယ်ဇော ကုသိုလ်စေတနာကံများက အကျိုးပေးရတော့မည့်အခါ၌ ကုသိုလ်ကံများ ပြုထားခဲ့ဖူးသောပုဂ္ဂိုလ် တို့၏ အိပ်မက်ထဲတွင် ကောင်းကျိုးများ ဖြစ်ပေါ်လာဖို့ရာ ရှေ့ပြေး ပုဗ္ဗနိမိတ်အဖြစ်ဖြင့် မြင်မက်လာကြပေသည်။ အကုသိုလ်စေတနာ ကံများက အကျိုးပေးကြရတော့မည့်အခါ၌ အကုသိုလ်ကံများ ပြုထား

WWW.DHAMMARANSI.NET

ခဲ့ဖူးသော ပုဂ္ဂိုလ်တို့၏ အိပ်မက်ထဲတွင် မကောင်းကျိုးများ ဖြစ်ပေါ်လာဖို့ရာ ရှေ့ပြေးပုဗ္ဗနိမိတ်အဖြစ်ဖြင့် မြင်မက်လာကြပေသည်။

ဤအိပ်မက်မျိုးသည် ကုသိုလ်ကံကြောင့် ကောင်းကျိုးများ ရရှိမည်မှာ ကေန်စင်စစ် အမှန်ဖြစ်ပေသည်။ အကုသိုလ်ကံများကြောင့် မကောင်းကျိုးများ၊ မကောင်းသော အပြစ်ဒဏ်များ ခံရမည်မှာ ကေန်စင်စစ် အမှန်ဖြစ်ပေသည်။ သို့ဖြစ်၍ ဤပုဗ္ဗနိမိတ်ကြောင့် အိပ်မက်ခြင်းသည် မြင်မက်သည့်အတိုင်း ကေန်မုချ မှန်မည်သာ ဖြစ်ပေသည်။

မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လဆန်း ၁၄-ရက်နေ့ ညဥ့်သန်းခေါင်ကျော် မိုးလင်းဘက်အနီး လင်းအားကြီးအချိန်၌ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ထူးခြားသောအိပ်မက်ကြီး ၅-မျိုးကို မြင်မက်ရာ၌-

၁။ မဟာပထဝီမြေကြီး တစ်ခုလုံးကို မြတ်သောအိပ်ရာပြု၍ အိပ်စက်ရသည်ဟု ဘုရားအလောင်းတော်၏ မြင်မက်ခြင်းသည် ကမ္ဘာမြေပြင် စကြဝဠာတစ်ခွင်တွင် ပြိုင်ဘက်ကင်းသည့် တရားမင်းအစစ် ဘုရားကေန် ဖြစ်ရမည်ဟူသော ရှေ့ပြေး ပုဗ္ဗနိမိတ်ကို မြင်မက်ခြင်းပင် ဖြစ်ပေသည်။

၂။ ဟိမဝန္တာတောင်ကြီးကို ခေါင်းအုံးပြု၍ အိပ်စက်ရသည်ဟု ဘုရားအလောင်းတော်၏ မြင်မက်ခြင်းသည် ဉာဏ်တော်အမျိုးမျိုးတို့တွင် အမြတ်ဆုံး သဗ္ဗညုတ ရွှေဉာဏ်တော်ကို ကေန်စင်စစ် ရရှိလိမ့်မည်ဟူသော ရှေ့ပြေး ပုဗ္ဗနိမိတ်ကို မြင်မက်ခြင်းပင် ဖြစ်ပေသည်။

WWW.DHAMMARANSI.NET

၃။ အရှေ့သမုဒ္ဒရာ (စကြဝဠာ) နှုတ်ခမ်း၌ လက်ဝဲ(ဘယ်) လက်တော်ကို တင်ထား၍ အိပ်စက်ရသည်ဟု ဘုရားအလောင်းတော်၏ မြင်မက်ခြင်းသည်လည်းကောင်း၊

၄။ အနောက်သမုဒ္ဒရာ (စကြဝဠာ) နှုတ်ခမ်း၌ လက်ယာ(ညာ) လက်တော်ကို တင်ထား၍ အိပ်စက်ရသည်ဟု ဘုရားအလောင်းတော်၏ မြင်မက်ခြင်းသည်လည်းကောင်း၊

၅။ တောင်သမုဒ္ဒရာ (စကြဝဠာ) နှုတ်ခမ်း၌ ခြေတော်နှစ်ဘက်အစုံကို တင်ထား၍ အိပ်စက်ရသည်ဟု ဘုရားအလောင်းတော်၏ မြင်မက်ခြင်းသည်လည်းကောင်း

မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့၌ ပဉ္စဝဂ္ဂီ ၅-ဦးနှင့် တစ်သောင်းသော စကြဝဠာတိုက်မှ ရောက်ရှိလာကြသည့် ၁၈-ကုဋေသော နတ်ဗြဟ္မာအပေါင်းတို့အား ဓမ္မစကြာတရား ဟောကြားရလိမ့်မည်ဟူသော ရှေ့ပြေး ပုဗ္ဗနိမိတ်ကို မြင်မက်ခြင်း ဖြစ်ပေသည်။ (အံ-၄ ၃၊ ၇၄)

မြတ်စွာဘုရားအလောင်းတော်၏ ဤအိပ်မက်ကြီးမျိုးကို လောကီဘုံသား လူအများလည်း မမြင်မက်နိုင်ကြပေ၊ တိုင်းပြည်အုပ်ချုပ်ကြသော မင်းကြီးများလည်း မမြင်မက်နိုင်ကြပေ၊ စကြဝတေးမင်းများလည်း မမြင်မက်နိုင်ကြပေ၊ အဂ္ဂသာဝကပုဂ္ဂိုလ်များလည်း မမြင်မက်နိုင်ကြပေ၊ ပစ္စေကဗုဒ္ဓ၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့လည်း မမြင်မက်ကြပေ၊ ဘုရားဖြစ်ခါနီးဆဲဆဲ ဘုရားအလောင်းတော်များသာ မြင်မက်နိုင်ကြပေသည်။

WWW.DHAMMARANSI.NET

## အိပ်မက်မြင်မက်သောပုဂ္ဂိုလ်နှင့် မမြင်မက်သောပုဂ္ဂိုလ်

ရဟန္တာပုဂ္ဂိုလ်တို့သည် ဝိပလ္လာသတရားတို့ကို အကြွင်းမရှိ ပယ်ပြီးဖြစ်သောကြောင့် အိပ်မက်အမျိုးမျိုးတို့ကို မမြင်မက်ကြတော့ပေ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည် အချို့သော ဝိပလ္လာသတရားတို့ကို ပယ်ပြီးဖြစ်သောကြောင့် အိပ်မက်အမျိုးမျိုးတို့ကို မြင်မက်ကြသည်မှာ နည်းပါးသွားကြပေသည်။ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဝိပလ္လာသတရားတို့ကို မပယ်ရသေးသောကြောင့် အိပ်မက်အမျိုးမျိုးတို့ကို မြင်မက်သည်က များကြပေသည်။

ဝိပလ္လာသတရားများကို ပယ်နိုင်မှ၊ ဝိပလ္လာသတရားများ မရှိမှသာ ရဟန္တာ ဖြစ်နိုင်ကြပေသည်။ ရဟန္တာဖြစ်မှ အိပ်မက်ခြင်း မရှိဘဲ အိပ်စက်ရပေသည်၊ ချမ်းသာစွာ အိပ်ကြရမည် ဖြစ်ပေသည်။ ဝိပလ္လာသတရားတို့ကို ပယ်နိုင်မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ကြပေသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်မှ အိပ်မက်ခြင်းများ အဆင့်ဆင့် နည်းပါးသွားကြမည် ဖြစ်ပေသည်။ ချမ်းသာစွာ အိပ်စက်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ဝိပလ္လာသတရားများ ဖြစ်ပုံနှင့် ဝိပလ္လာသတရားတို့ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့က ပယ်၍ အိပ်မက်နည်းကြပုံနှင့် ရဟန္တာပုဂ္ဂိုလ်တို့က အပြီးတိုင် ပယ်၍ အိပ်မက် မမြင်မက်ကြတော့ပုံတို့ကို ဖော်ပြပါမည်။

WWW.DHAMMARANSI.NET

## ဝိပလ္လာသတရားများ ဖြစ်ပုံ

ဝိပလ္လာသတရားတို့သည် ၃-မျိုး ဖြစ်ကြပေသည်။

၁။ အမှန်ကို စွန့်၍ အမှားကို ဖောက်ပြန်သောအားဖြင့် မှတ်သား နေခြင်း သညာဝိပလ္လာသ၊

၂။ အမှန်ကို စွန့်၍ အမှားကို ဖောက်ပြန်သောအားဖြင့် သိနေ ခြင်း စိတ္တဝိပလ္လာသ၊

၃။ အမှန်ကိုစွန့်၍ အမှားကို ဖောက်ပြန်သောအားဖြင့် စွဲယူ နေခြင်း ဒိဋ္ဌိဝိပလ္လာသ ဟူ၍ ၃-မျိုး ဖြစ်ကြပေသည်။

## ဝိပလ္လာသ ၁၂-မျိုး ဖြစ်ပုံ

ဝိပလ္လာသတရားတို့၏ ဖြစ်ရာဌာနတို့သည် ၄-မျိုး ဖြစ်ပေသည်။ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ မတင့်တယ်ခြင်း အသုဘ ဟူ၍ ၄-မျိုး ဖြစ်ပေသည်။

## မမြဲခြင်း အနိစ္စ၌ ဝိပလ္လာသ ၃-မျိုး ဖြစ်ပုံ

မမြဲခြင်း-အနိစ္စ၌ နိစ္စ-မြဲသည်ဟု ဖောက်ပြန်သောအားဖြင့် အမှတ်မှားနေခြင်းသည် သညာဝိပလ္လာသ ဖြစ်သည် မည်၏။ ဖောက်ပြန်သောအားဖြင့် အသိမှားနေခြင်းသည် စိတ္တဝိပလ္လာသ ဖြစ်သည် မည်၏။ ဖောက်ပြန်သောအားဖြင့် အယူမှားနေခြင်းသည် ဒိဋ္ဌိဝိပလ္လာသ ဖြစ်သည်မည်၏။

WWW.DHAMMARANSI.NET

## ဆင်းရဲခြင်း ဒုက္ခ၌ ဝိပလ္လာသ ၃-မျိုး ဖြစ်ပုံ

ဆင်းရဲခြင်း-ဒုက္ခ၌ သုခ-ချမ်းသာသည်ဟု ဖောက်ပြန်သောအားဖြင့် အမှတ်မှားနေခြင်းသည် သညာဝိပလ္လာသ ဖြစ်သည်မည်၏။ ဖောက်ပြန်သောအားဖြင့် အသိမှားနေခြင်းသည် စိတ္တဝိပလ္လာသ ဖြစ်သည် မည်၏။ ဖောက်ပြန်သောအားဖြင့် အယူမှားနေခြင်းသည် ဒိဋ္ဌိဝိပလ္လာသ ဖြစ်သည်မည်၏။

## အစိုးမရခြင်း အနတ္တ၌ ဝိပလ္လာသ ၃-မျိုးဖြစ်ပုံ

အစိုးမရခြင်း-အနတ္တ၌ အတ္တ-ကိုယ်ပိုင်စိုးသည်ဟု ဖောက်ပြန်သောအားဖြင့် အမှတ်မှားနေခြင်းသည် သညာဝိပလ္လာသ ဖြစ်သည် မည်၏။ ဖောက်ပြန်သောအားဖြင့် အသိမှားနေခြင်းသည် စိတ္တဝိပလ္လာသ ဖြစ်သည် မည်၏။ ဖောက်ပြန်သောအားဖြင့် အယူမှားနေခြင်းသည် ဒိဋ္ဌိဝိပလ္လာသ ဖြစ်သည်မည်၏။

## မတင့်တယ်ခြင်း အသုဘ၌ ဝိပလ္လာသ ၃-မျိုး ဖြစ်ပုံ

မတင့်တယ်ခြင်း - အသုဘ၌ သုဘ - တင့်တယ်သည်ဟု ဖောက်ပြန်သောအားဖြင့် အမှတ်မှားနေခြင်းသည် သညာဝိပလ္လာသ ဖြစ်သည်မည်၏။ ဖောက်ပြန်သောအားဖြင့် အသိမှားနေခြင်းသည် စိတ္တဝိပလ္လာသ ဖြစ်သည်မည်၏။ ဖောက်ပြန်သောအားဖြင့် အယူမှားနေခြင်းသည် ဒိဋ္ဌိဝိပလ္လာသ ဖြစ်သည်မည်၏။

WWW.DHAMMARANSI.NET

ဤကဲ့သို့ အနိစ္စ၌ ဝိပလ္လာသ ၃-မျိုး၊ ဒုက္ခ၌ ဝိပလ္လာသ ၃-မျိုး၊ အနတ္တ၌ ဝိပလ္လာသ ၃-မျိုး၊ အသုဘ၌ ဝိပလ္လာသ ၃-မျိုး ဟူ၍ ဝိပလ္လာသတရားတို့သည် ၁၂-မျိုးတို့ ဖြစ်ကြကုန်၏။

(အံ-၁၊ ၃၆၁)

## သောတာပန် အိပ်မက်နည်းပုံ

ထို ဝိပလ္လာသတရား ၁၂-ပါးတို့တွင် သောတာပန်ပုဂ္ဂိုလ်တို့သည် အနိစ္စ၌ နိစ္စဟု အယူမှားသည့် ဒိဋ္ဌိဝိပလ္လာသ၊ ဒုက္ခ၌ သုခဟု အယူမှားသည့် ဒိဋ္ဌိဝိပလ္လာသ၊ အနတ္တ၌ အတ္တဟု အယူမှားသည့် ဒိဋ္ဌိဝိပလ္လာသ၊ အသုဘ၌ သုဘဟု အယူမှားသည့် ဒိဋ္ဌိဝိပလ္လာသ ဟူ၍ ဒိဋ္ဌိဝိပလ္လာသ ၄-မျိုး။ အနိစ္စ၌ နိစ္စဟု အမှတ်မှားသည့် သညာဝိပလ္လာသ၊ အသိမှားသည့် စိတ္တဝိပလ္လာသ၊ အနတ္တ၌ အတ္တဟု အမှတ်မှားသည့် သညာဝိပလ္လာသ၊ အသိမှားသည့် စိတ္တဝိပလ္လာသ ဟူ၍ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ ၄-မျိုး။ ဤဝိပလ္လာသတရား ၈-မျိုးတို့ကို ပယ်နိုင်ကြပေသည်။ ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ထက် အိပ်မက်မြင်မက်သည်မှာ နည်းပါးသွားကြပေသည်။

(အံ-ဋီ-၂၊ ၃၀၄)

## သကဒါဂါမ် အိပ်မက်နည်းပုံ

သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် အသုဘ၌ သုဘဟု အမှတ်မှားသည့် သညာဝိပလ္လာသနှင့် အသုဘ၌ သုဘဟု အသိမှားသည့် စိတ္တဝိပလ္လာသတို့ကို ခေါင်းပါးအောင်၊ နည်းပါးအောင် ပြုလုပ်နိုင်

WWW.DHAMMARANSI.NET

ကြပေသည်။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်တို့ထက် အိပ်မက် မြင်မက်သည်မှာ နည်းပါးသွားကြပေသည်။

## အနာဂါမ် အိပ်မက်နည်းပုံ

အနာဂါမ်ပုဂ္ဂိုလ်တို့သည် အသုဘ၌ သုဘဟု အမှတ်များသည့် သညာဝိပလ္လာသနှင့် အသုဘ၌ သုဘဟု အသိမှားသည့် စိတ္တဝိပလ္လာသတို့ကို အပြီးပယ်နိုင်ကြပေသည်။ သောတာပန် ဘဝက ပယ်ပြီးခဲ့သော ဝိပလ္လာသ ၈-ပါးနှင့် ပေါင်းသော် ဝိပလ္လာသတရား ၁၀-ပါးတို့ကို ပယ်နိုင်ကြပေသည်။ ထို့ကြောင့် သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့ထက် အိပ်မက် မြင်မက်သည်မှာ နည်းပါး သွားကြပေသည်။

## ရဟန္တာ အိပ်မက် မမြင်မက်ပုံ

ရဟန္တာပုဂ္ဂိုလ်တို့သည် အနာဂါမ်ပုဂ္ဂိုလ်တို့ မပယ်နိုင်သေးသည့် ဒုက္ခ၌ သုခဟု အမှတ်မှားသည့် သညာဝိပလ္လာသနှင့် ဒုက္ခ၌ သုခဟု အသိမှားသည့် စိတ္တဝိပလ္လာသတို့ကို ပယ်နိုင်ကြပေသည်။ အနာဂါမ်ဘဝက ပယ်ခဲ့ပြီးသော ဝိပလ္လာသ ၁၀-ပါးနှင့် ပေါင်းသော် ဝိပလ္လာသတရား ၁၂-ပါးလုံးကို ပယ်နိုင်ကြပေသည်။ ထို့ကြောင့် အိပ်မက် မမြင်မက်တော့ဘဲ ဖြစ်ကြရပေသည်။

သို့ဖြစ်၍ အိပ်မက် မြင်မက်တတ်သူနှင့် မမြင်မက်တတ်သူတို့တွင် တရားသဘောအရ မမြင်မက်တတ်သူက ပို၍ မြတ်ပေ

WWW.DHAMMARANSI.NET

သည်။ ပို၍ ချမ်းသာခွင့်ရသည်ဟု ဆိုရပေမည်။ အိပ်မက်အမျိုးမျိုး တို့ကို မြင်မက်တာ နည်းပါးသွားရအောင် မမြင်မက်နိုင်ရအောင် ဝိပလ္လာသတရားတို့ကို ပယ်နိုင်ကြောင်း ဖြစ်သော သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ကြရပေသည်။ သတိပဋ္ဌာန် ဝိပဿနာ တရား အားထုတ်၍ သမာဓိဉာဏ်များ ရင့်ကျက်အားရှိ ထက်သန် သွားသောအခါ အိပ်မက်အမျိုးမျိုးတို့ မြင်မက်တာ နည်းပါးသွား သည်ကို ကိုယ်တိုင်ပင် တွေ့သိနိုင်ကြမည် ဖြစ်ပေသည်။

မြတ်စွာဘုရားအလောင်းတော်၏ ဤအိပ်မက်ကြီး ၅-မျိုး သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သော ကုသိုလ် ပါရမီ ဘုန်းကံတို့၏ အစွမ်းသတ္တိကြောင့် မြင်မက်သော ရှေ့ပြေး ပုဗ္ဗနိမိတ် အိပ်မက်မျိုး ဖြစ်ပေသည်။ မြင်မက်တော်မူသည့်အတိုင်း ဘုရားအဖြစ်သို့ ရောက်ရှိလာရခြင်း အကျိုး၊ သဗ္ဗညုတ ရွှေဉာဏ် တော်ကို ရရှိတော်မူလာရခြင်း အကျိုး၊ ဓမ္မစကြာတရားကို ဟော ကြားတော်မူရခြင်း အကျိုးတို့ကို ကောန်မုချ ရရှိတော်မူခဲ့ပေသည်။ သို့ဖြစ်၍ ဖြစ်လာမည့် ပုဗ္ဗနိမိတ်ကြောင့် မြင်မက်သော အိပ်မက် မျိုးသည် မှန်ကန်သော အိပ်မက်မျိုးသာ ဖြစ်ပေသည်။

## အိပ်မက်မြင်မက်ခြင်းနှင့် ကုသိုလ်ဖြစ်ပုံ

အိပ်မက် မြင်မက်ကြသော ပုဂ္ဂိုလ်တို့သည် အိပ်မက်ထဲ တွင် တန်ခိုးကြီးဘုရား စေတီတော် ရုပ်ပွားတော်တို့အား ဖူးမြင် ရခြင်းကိုလည်း မြင်မက်တတ်ကြပေသည်။ အလှူဒါန ပြုလုပ်နေ ရခြင်းကိုလည်း မြင်မက်တတ်ကြပေသည်။ တရားဟောနေရခြင်း၊

WWW.DHAMMARANSI.NET

တရားနာနေရခြင်း စသည်များကိုလည်း မြင်မက်တတ်ကြပေသည်။ ဤကဲ့သို့ မြင်မက်ကြသောအခါတို့၌ ကုသိုလ်များ ဖြစ်ကြရပေသည်။

## ပဋိသန္ဓေအကျိုးကို မပေးနိုင်ပုံ

သို့ပါသော်လည်း ထိုကုသိုလ်စေတနာများကြောင့် လူ့ပြည်၊ နတ်ပြည် စသည့် ကောင်းမြတ်သော ဘုံဘဝတို့၌ သွားရောက်၍ ဖြစ်စေနိုင်သည့် ပဋိသန္ဓေအကျိုးကိုတော့ မပေးနိုင်ပေ။ အကြောင်းမှာ အိပ်နေခိုက်တွင် ဝီရိယဝတ္ထုက အားနည်းနေသဖြင့် အားနည်းသော ကုသိုလ်များ ဖြစ်သောကြောင့် ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်း ဖြစ်ပေသည်။

## ပဝတ္တိအကျိုးကို ပေးနိုင်ပုံ

အခြားတစ်ပါးသော ကုသိုလ်ကံများကြောင့် မြင့်မြတ်သော လူ့ဘဝ၊ နတ်ဘဝများ၌ ဖြစ်နေပြီးသော (ပဝတ္တိ) အခါမှာတော့ အခြားသော ကုသိုလ်များ၏ အကူအညီဖြင့် ကောင်းကျိုးများကို ပဝတ္တိအခါ၌ ပေးနိုင်ပေသည်။

## အိပ်မက်မြင်မက်ခြင်း၌ အကုသိုလ်ဖြစ်ပုံ

အိပ်မက်မြင်မက်ကြသော ပုဂ္ဂိုလ်တို့သည် အိပ်မက်ထဲ၌ သူ့အသက်ကို သတ်နေရခြင်း၊ သူ့ဥစ္စာကို ခိုးနေရခြင်း၊ သူတစ်ပါး သားသမီးများကို ဖျက်ဆီးလွှန်ကျူးနေရခြင်း စသည်များကိုလည်း မြင်မက်တတ်ကြပေသည်။ ဤကဲ့သို့ မြင်မက်ကြသောအခါတို့၌ အကုသိုလ်များ ဖြစ်ကြရပေသည်။

WWW.DHAMMARANSI.NET

## ပဋိသန္ဓေအကျိုးကို မပေးနိုင်ပုံ

သို့ပါသော်လည်း ထိုအကုသိုလ်စေတနာတို့ကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဟူသော အပါယ် ၄-ဘုံသို့ ကျရောက်၍ ဖြစ်နိုင်သည့် ပဋိသန္ဓေအကျိုးကိုတော့ မပေးနိုင်ပေ။ အကြောင်းမှာ အိပ်နေခိုက်တွင် မီရာဝတ္ထုက အားနည်းနေသဖြင့် အားနည်းသော အကုသိုလ်စေတနာများ ဖြစ်သောကြောင့် ပဋိသန္ဓေအကျိုးကို မပေးနိုင်ခြင်း ဖြစ်ပေသည်။

## ပဝတ္တိအကျိုးကို ပေးနိုင်ပုံ

အခြားသော အကုသိုလ်စေတနာကံများကြောင့် အပါယ် ၄-ဘုံတို့၌ ဖြစ်နေပြီးသော (ပဝတ္တိ) အခါမှာတော့ အခြားသော အကုသိုလ်တို့၏ အကူအညီဖြင့် မကောင်းကျိုးများကို ပဝတ္တိအခါ၌ ပေးနိုင်ပေသည်။

## အိပ်မက်၌ကျူးလွန်၍ အာပတ်မသင့်ပုံ

ရဟန်းတော်များသည် အိပ်မက်ထဲ၌ သူ့အသက်ကို သတ်လိုက်မိသည်။ သူ့ဥစ္စာကို ခိုးလိုက်မိသည်၊ သူတစ်ပါး သားသမီး သားမယားကို ကျူးလွန်မိဝဲမိသည် စသည်ဖြင့် မြင်မက်ပါသော်လည်း အာပတ်အပြစ် မသင့်ကြပေ။ အာပတ်အပြစ်မှ လွတ်ကြရပေသည်။

WWW.DHAMMARANSI.NET

## အိပ်မက်မြင်မက်ခြင်း၏ အဗျာကတ ဖြစ်ပုံ

အိပ်မက်မြင်မက်ကြသော ပုဂ္ဂိုလ်တို့သည် အိပ်မက်ထဲတွင် မြင်မက်ရသည့် ဘုရားဖူးရခြင်း စသော ကုသိုလ်၊ သူ့အသက် သတ်ရခြင်း စသော အကုသိုလ်တို့၏ ရှေ့၌ ပဉ္စဒွါရာဝဇ္ဇန်း၊ မနော ဒွါရာဝဇ္ဇန်း စိတ်များနှင့် ကုသိုလ်၊ အကုသိုလ်တို့၏ နောက်၌ တဒါရုံ စိတ်တို့သည် ကုသိုလ်လည်း မဟုတ်ကြပေ။ အကုသိုလ်လည်း မဟုတ်ကြပေ။ အဗျာကတများသာ ဖြစ်ကြပေသည်။

## အချိန်ကာလအားဖြင့် မှန်၊ မမှန်ပုံ

ထို အိပ်မက်အမျိုးမျိုးတို့တွင် အချိန်ကာလအားဖြင့် ညဦး ယံ၊ သန်းခေါင်ယံတို့၌ မြင်မက်သော အိပ်မက်တို့သည် မြင်မက် သည့်အတိုင်း မမှန်တတ်ကြပေ။ သန်းခေါင်ယံကို ကျော်လွန်၍ မိုးသောက်ယံ လင်းအားကြီးဘက်သို့ ရောက်သောအခါ အရုဏ်တက် အခါတို့၌ မြင်မက်သော အိပ်မက်တို့သည် မှန်ကန်တတ်ကြပေသည်။ မှန်ကန်ရခြင်း၏ အကြောင်းမှာ နေ့အခါ ညဦးအခါများက စားခဲ့ ပြီးသော အစာ အမျိုးမျိုးတို့သည် မိုးသောက်ယံ လင်းအားကြီး ဘက်သို့ ရောက်သောအခါ အရုဏ်တက်အခါတို့၌ ကြေကျက် မှုတ သွားကြပြီး ဖြစ်သောကြောင့် မှန်ကန်ခြင်းများ ဖြစ်ကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်

WWW.DHAMMARANSI.NET

# မှတ်သားဖွယ် ဆောင်ပုဒ်များ

ဓာတ်ချောက်ချားက၊ မြင်မက်ကြ၊ မုချမမှန်ရာ။

ခံစားဖူးက၊ မြင်မက်ကြ၊ မုချမမှန်ရာ။

နတ်တို့ဆောင်ပြ၊ မြင်မက်ကြ၊ မုချဝက်မှန်မမှန်။

ရှေ့ပြေးပုဗ္ဗ၊ မြင်မက်ကြ၊ မုချမှန်မည်သာ။

WWW.DHAMMARANSI.NET